တောင်ပတ်ကျေးရွာ

ကလောမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ – ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တောင်ပတ်ကျေးရွာ၊ ကလောမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်ရေး ဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်း အရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဩဂုတ် ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
တောင်ပတ်ကျေးရွာ
ကလောမြို့နယ်

တောင်ပတ်ကျေးရွာ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ	၄
၁	တည်နေရာနှင့်ပထဝီဝင်အနေအထား	၅
၂	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၅
၃	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၅
၄	စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ	
	(က)သီးနှံစိုက်ပျိုးရေး	၆
	(ခ)မွေးမြူရေးလုပ်ငန်း	၇
	(ဂ)ငါးလုပ်ငန်း	၇
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၇
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၈
၅	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	
	(က)ကျေးလက်သယ်ယူပို့ဆောင်ရေး	၈
	(ခ)ကျေးရွာမီးလင်းရေး	၈
	(ဂ)သတင်းနှင့်ဆက်သွယ်ရေး	၉
၆	ပညာရေး	၉
၇	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၉,၁၀
၈	ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၀
၉	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	၁၀
၁၀	ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ	၁၁
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၂
	နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ	-
	နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	၁၃
	နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	၁၄

မြောက်

ကျေးရွာနှင့်သယ်ဇာတပြမြေပုံ

.....ကျေးရွာ၊ .....ကျေးရွာအုပ်စု၊ ကလောခြို့နယ်။

အညွှန်း

- အုတ်ကြီး၊ကျောင်း
- စာသင်ကျောင်း
- အိမ်
- လမ်း
- ရေကန်
- စာကျောင်းဝင်းမြေ
- ယာမြေများ
- သစ်ပင်ကောများ

ရက်စွဲ။ ။ ၁၅.၁၂.၂၀၁၂

၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

တောင်ပတ်ကျေးရွာသည် ကလောမြို့နယ်၊ ကျောက်ထပ်ကျေးရွာအုပ်စုတွင်ပါဝင်ပြီး လွန်ခဲ့ သော နှစ်ပေါင်းများစွာကပင် တည်ရှိသောကျေးရွာဖြစ်ပါသည်။ တောင်ပတ်ကျေးရွာသည် ဟဲဟိုး-ပင်းတယ-ဘော်ဆိုင်းသွားလမ်း အနီးတွင်တည်ရှိပါသည်။ စီးပွားရေးအရ အချက်အခြာကျသော ဟဲဟိုးမြို့နှင့် (၅)မိုင်ကွာဝေးသည်။ လမ်းပန်းဆက်သွယ်ရေးအသင့်အတင့်သာကောင်းမွန်သဖြင့် သွားလာရအတန်ငယ် လွယ်ကူသည်ဟုဆိုနိုင်ပါသည်။။။ ကျေးရွာတည်ရှိရာသည် ကုန်းပြင်မြင့်၊ မြေပြန့်ဖြစ်သည်။ ကျေးရွာအနီးဝန်းကျင်တွင် ကျေးရွာများသာတည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီး ရာသီဥတုကောင်းမွန်ပါသည်။ သို့သော်သစ်တောများ ပြုန်းတီးလာမှုကြောင့် ရာသီဥတုဖောက်ပြားတတ်ပါသည်။ သဘာဝရင်းမြစ်များအနေဖြင့် ကျောက် တောင်၊ သဲတောင်များရှိ၍ ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်လွယ်ကူပါသည်။
သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရရှိနိုင်မှုနည်းပါးသွားပြီဖြစ်သည်။ ဆေးဘက်ဝင်အပင်များမှာ သာမန် တွေ့ရများသော အပင်များသာ ရှိသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

တောင်ပတ်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၀၆)စုနှင့် ကျား(၂၄၇)၊ မ(၂၆၁)ဦးဖြင့် လူ ဦးရေပေါင်း(၅၀၈)ဦးရှိပါသည်။ ကျေးရွာတွင် တောင်ရိုးလူမျိုးများစုပေါင်းနေထိုင်ကြပြီး အလုပ် လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၇၀%ရှိပြီး အမျိုးသားနှင့်အမျိုးသမီးဦးရေမှာ များစွာကွာခြားမှု မရှိသည့်အတွက် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်း စဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါမည်။ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျောင်းကော်မတီ၊ မြစိမ်းရောင်၊ ခမ္မစကြံာအဖွဲ့၊ လူငယ်အဖွဲ့တို့ဖွဲ့စည်း ထားရှိပြီး ကျေးရွာ၏ ပညာရေး၊ကျန်းမာရေး၊ဘာသာရေး၊လူမှုရေး၊ ငွေကြေးနှင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ရပ်မိရပ်ဖများ၊ ကျေးရွာလူကြီးတို့မှ ဦးဆောင်ဦးရွက်ပြု၍ ကျေးရွာသူ/သားများ အားလုံးမှ စုပေါင်း၍ ညီညွတ်စွာဆောင်ရွက်ကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းအနေဖြင့် ပက်-မြန်မာနှင့် ကလော မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချေးငွေများကိုရရှိသည့်အတွက် စိုက်ပျိုးရေး လုပ်ငန်းကိုအချိန်မီလုပ်ကိုင်နိုင်ပါသည်။ သို့သော်လည်းကျေးရွာ၏ အခြားကဏ္ဍရပ်ပေါင်းစုံမှ ဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် အခြားသောသက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ် နေပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

တောင်ပတ်ကျေးရွာတွင် စိုက်ပျိုးနိုင်သောမြေဧရိယာမှာ ယာမြေ(၃၆၁)ဧက၊ ဥယျာဉ်ခြံမြေ(၂) ဧက၊ မြေလွတ်မြေလပ်(၅၅၂)ဧကဖြင့် စုစုပေါင်း (၉၁၅)ဧက ရှိပါသည်။ မြေယာမဲ့အိမ်ထောင်စု(၄)စု၊ ၂.၅ဧကအောက်ဆင်းရဲသားတောင်သူ(၁)အိမ်ထောင်စု၊ ၂.၅ဧကမှ ၅ဧကကြားတောင်သူငယ်(၁၀) အိမ်ထောင်စု၊ ၅ဧကမှ၁၂.၅ဧကကြား တောင်သူလတ်(၆၈)အိမ်ထောင်စု၊ ၁၂.၅ဧက အထက်တောင် သူကြီး(၂၀)စု စသည်တို့ရှိကြပြီး အဓိကအားဖြင့် ယာစပါးကိုစိုက်ပျိုးကြသည်။ မြေယာမဲ့ အိမ်ထောင် စုနှင့် ဆင်းရဲသော အိမ်ထောင်စုများမှာ နေ့စားကျပန်း၊ ရာသီအလိုက်လုပ်ငန်းခွင်များတွင် ဝင်ရောက် လုပ်ကိုင်ကြပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှတသည်ဟုဆိုနိုင်သော်လည်း စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိက ထားလုပ်ကိုင်ကြပြီး ရာသီအလိုက် နေ့စားအလုပ်သမားများသာများပြားပါသည်။ ဆန်စပါး ကို ဝမ်းစာဖူလုံရေးအတွက် အဓိကစိုက်ပျိုးကြခြင်းဖြစ်သည်။ စိုက်ပျိုးမြေများမှာ မြေဆီလွှာ မကောင်းခြင်း၊ သီးနှံပိုးမွှားရောဂါကျရောက် ခြင်းများရှိနေပါသည်။ မြေဧက(၁၂.၅)ဧကအထက် ပိုင်ဆိုင်ကြသည့် တောင်သူကြီး အချို့သာ ဆန်စပါးကို အများအပြားစိုက်ပျိုးနိုင်ပြီး စားသုံးရန်အပြင် ပိုလျှံသည်များကို ရောင်းချနိုင်ကြသည်။

ကျေးရွာ၏စိုက်ပျိုးရေးလုပ်ငန်းတွင် မိုးရေကိုသာအဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ယာ စပါး၊ပြောင်းနှင့်အာလူးတို့ကို အဓိကထားစိုက်ပျိုးကြပြီး ရာသီအလိုက်သီးနှံများကို သီးထပ် သီးညှပ်စိုက်ပျိုးကြသည်။ ဆောင်းရာသီတွင် ဆောင်းရာသီသီးနှံများဖြစ်သော ပန်းနှမ်း၊ မုန်ညင်း စသည်တို့ကိုစိုက်ပျိုးကြသည်။ သီးနှံအထွက်နှုန်းမှာအသင့်အတင့်သာရှိပါသည်။

လယ်သာသုံး ပစ္စည်း အနေဖြင့် လက်တွန်းထွန်စက်(၁၃)စီးသာပိုင်ဆိုင်ပါသည်။ ထွန်စက်ကြီးပိုင်ဆိုင်သူ မရှိ သဖြင့် အခြားကျေးရွာမှ (၁)နာရီလျှင် (၂၀၀၀၀)ကျပ်နှုန်းဖြင့် သွားရောက်ငှားရမ်းရသည့်အတွက် အချိန်နှောင့်နှေးမှုများ ရှိပါသည်။ အချို့ငွေကြေးမတတ်နိုင်သည့်အိမ်ထောင်စုများမှာ ကျွဲ၊နွားများ ဖြင့်သော်၎င်း၊ လူအားဖြင့်သော်၎င်း လုပ်ကိုင်နိုင်ကြသည်။ အချို့သောတောင်သူများမှာ မြေဇကာများ စွာပိုင်ဆိုင်မှုရှိကြသော်လည်း ၎င်းမြေများမှာ စိုက်ပျိုးနိုင်ခြင်းမရှိသည့် မြေလွတ်မြေလပ်(ပလပ်မြေ) များသာဖြစ်ပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ဓါတု ပိုးသတ် ဆေးစသည်များကို ဟဲဟိုးမြို့တွင် လွယ်ကူစွာဝယ်ယူရရှိနိုင်ကြပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြသည်။ စိုက်ပျိုးမြေများတွင် မြေဆီ လွှာပျက်စီးခြင်း၊ ပိုးမွှားရောဂါများကျရောက်တတ်ခြင်း၊ စိုက်ပျိုးမြေမတိုးချဲ့နိုင်ခြင်း၊ လယ်ယာ သုံးပစ္စည်းမလုံလောက်ခြင်း များရှိနေပါသည်။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ မြေအရည် အသွေးမကောင်းခြင်း၊ မျိုးမကောင်းခြင်း၊ စျေးကွက်ခက်ခဲခြင်းတို့ဖြစ်ပါသည်။ ကျေးရွာရှိ အိမ် ထောင်စုများမှာလည်း ကိုယ်ပိုင်အလုပ်ကိုသာလုပ်ကိုင်ကြခြင်းကြောင့် လုပ်သားငှားရမ်းရန် အခက် အခဲရှိပါသည်။ ထို့အပြင် ကျေးရွာတွင်းသွား လမ်းနှင့်စိုက်ခင်းသွား လမ်းများမှာ မကောင်းသည့် အတွက် စျေးကွက်သို့အချိန်မီတင်ပို့နိုင်ခြင်းမရှိပါ။ လုပ်သားငှားရမ်းရာတွင်လည်း စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် ခက်ခဲတတ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

တောင်ပတ်ကျေးရွာတွင် နွားမွေးမြူထားသောအိမ်ထောင်စု(၅၅)စုရှိပြီး နွားကောင်ရေ(၄၇၇) ကောင်၊ ဝက်မွေးမြူထားသော အိမ်ထောင်စု(၁၆)စုရှိပြီး ဝက်ကောင်ရေ(၂၀)ကောင်၊ ကြက်မွေးမြူ ထားသောအိမ်ထောင်စု(၅)စုရှိပြီး ကြက်ကောင်ရေ(၁၇)ကောင်ရှိပါသည်။ အများစုမှာ တစ်ပိုင်တစ် နိုင် မွေးမြူသည့် အိမ်ထောင်စုများဖြစ်ကြပြီး ကျွဲ၊နွားများကို စိုက်ပျိုး ရေးလုပ်ငန်းတွင် အသုံးပြုရန် မွေးမြူကြခြင်းဖြစ်သည်။ ဝက်ကိုစုဗူးအဖြစ်မွေးမြူကြသည်။ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို အဓိက ထားလုပ်ကိုင်ရန် စိတ်ဝင် စားသူဦးရေနည်းပါးသည်။

ကျေးရွာတွင်စားကျက်မြေ အသင့်အတင့်ရှိပြီး မြေနေရာလုံလောက်မှုရှိပါသည်။ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် မြစိမ်းရောင်ချေးငွေအသင့်အတင့်သာ

ရရှိကြသည်။ စျေးကွက် အနေဖြင့် အောင်ပန်းမြို့၊ ဟဲဟိုးမြို့တို့တွင် ရောင်းချနိုင်ပါသည်။ မွေးမြူရေးလုပ်ငန်း ဆောင်ရွက် နိုင်ရန်အတွက် အခက်အခဲပြဿနာများမှာ ချေးငွေအခက်အခဲအနည်းငယ်ရှိပြီး မွေးမြူနိုင်ရန် တိရိစ္ဆာန်ရောဂါကျရောက်မှုနှင့်ပတ်သက်၍ နည်းပညာဆိုင်ရာသိရှိမှုများအားနည်းပြီး မွေးမြူရေး ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ ပုံမှန်မရရှိပေ။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေး နည်းပညာနှင့်ပတ်သက် သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြသည်။

(ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများအနေဖြင့် လုပ်ကိုင်သူဦးရေနည်းပါးသည်။ စျေး ကွက် အသင့်အတင့်ရှိပြီး ကုန်ကြမ်းရရှိနိုင်ရန် လွယ်ကူသည်။ ကျပန်းလုပ်သားများသည် အများဆုံး အားဖြင့် ဝင်ငွေရရှိရန် စိုက်ပျိုးရေးလုပ်ငန်းခွင်များတွင် နေ့စားအဖြစ် ဝင်ရောက်လုပ်ကိုင်ကြ ပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးမရရှိခြင်းကြောင့် အခြားဝင်ငွေရအသေးစားလုပ်ငန်းများ လုပ်ကိုင် နိုင်ခြင်းမရှိသောကြောင့် မိသားစုဝင်ငွေရလုပ်ငန်းများလုပ်ဆောင်နိုင်ခြင်းမရှိပါ။ ထို့ပြင် အခြားဝင် ငွေရ အသေးစားလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အတတ်ပညာမရှိခြင်းကြောင့် အခက်အခဲ ဖြစ်နေ ပါသည်။အခွင့်အလမ်းအနေဖြင့် မိသားစုဝင်ငွေရလုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် မြစိမ်းရောင် ချေး ငွေ ကိုရရှိပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ချေးငွေအနေဖြင့် ကလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ ထောက်ပံ့ပေးသည့် မြစိမ်းရောင်ချေးငွေကိုရရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြေး ဝင်ငွေ ရလုပ်ငန်း များလုပ်ကိုင်ရန်အတွက် ချေးယူနိုင်ပါသည်။ တစ်ခါတစ်ရံတွင် ဆွေမျိုးများထံမှ ဘက်စုံ လိုအပ်မှုအတွက် ချေးယူကြသည်။ ဆွေမျိုးများထံတွင်ချေးငှားရာ၌ အပေါင်ခံပစ္စည်း မလိုအပ်ပဲ အတိုးအနည်းငယ်သာပေး၍ ပြေလည်ချိန်မှသာပြန်လည် ပေးဆပ်ကြသည်။ ချေးငွေကို စားဝတ် နေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန်အတွက် ချေးယူ ကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့်သွားလာရလွယ်ကူရေးအတွက် မော်တော်ဆိုင်ကယ် များ၊ ကား၊ ထော်လာဂျီများကိုသာ အဓိကထားအသုံးပြုကြသည်။ လမ်းပန်း ဆက်သွယ်ရေး အသင့် အတင့် ကောင်းမွန်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။ သို့ရာတွင် အချို့ အိမ်ထောင်စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ် ပြဿနာများဖြစ် ပေါ် လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

ကျေးရွာတွင်းလမ်း၊ ကုန်ထုတ်လမ်းများမှာ မြေသားလမ်းဖြစ်သောကြောင့် ကုန်စည်သယ် ပို့ရာတွင် အခက်အခဲရှိနေပါသည်။ စျေးကွက်သို့ အချိန်မီတင်ပို့နိုင်ရန် ခက်ခဲမှုကြောင့် တခါတရံ စျေး ကောင်းမရ သည်များလည်းရှိပါသည်။ ကုန်ထုတ်လမ်းမှာလည်း လွန်စွာဆိုးဝါးခြင်းကြောင့် သီးနှံ ပေါ်ချိန်တွင် လုပ်သားပင်ငှားရမ်းရန်ခက်ခဲတတ်ပါသည်။ ၎င်းအပြင် သီးနှံများကိုသယ်ပို့ နိုင်သည့် အတွက် စိုက်ခင်းတွင် သီးနှံများပျက်စီးပြီး လေလွင့်ကုန်ပါသည်။ထို့ကြောင့် ကျေးရွာ တွင်းလမ်း ၊ ကုန်ထုတ်လမ်းတို့အား ကျောက်ချောလမ်းအဆင့်မြင့်တင်နိုင်ရန် ကျေးရွာသူ/သားများမှ လိုလားနေ ကြပါသည်။ဟဲဟိုးမြို့များသို့ ကုန်စည်တင်ပို့သည့်လမ်းမှာ ကတ္တရာလမ်းဖြစ်သည့် အတွက် သွားလာ ရ လွယ်ကူပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် ဆိုလာမီးကိုအသုံးပြုသောအိမ်ထောင်စု(၁၀၃)စုရှိပါသည်။ လျှပ်စစ်မီးမရရှိ ခြင်းကြောင့် ချက်ပြုတ်ရေးအတွက် ထင်းခုတ်ယူများ ရှိနေပါသည်။ ထင်းခုတ်ယူမှုများပြားခြင်း ကြောင့် သစ်တောများပြုန်းတီးလာပြီး ရာသီဥတုများ ဖောက်ပြန်လာပါသည်။ လျှပ်စစ်မီးရရှိမည် ဆိုပါက ကျေးရွာတွင်းရှိကျောင်းသား/သူများ၏ ပညာရေးမြင့်မားလာခြင်း၊ လုံခြုံမှုပိုမိုအား ကောင်း လာခြင်း၊ အိမ်ရှင်မများအနေဖြင့် အချိန်မီချက်ပြုတ်နိုင်ခြင်း၊ အသေးစား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လာနိုင်ခြင်း စသည်တို့ကို အထောက်အပံ့ပေးလာနိုင်ပါလိမ့်မည်။ လျှပ်စစ်မီးကို ရရှိ မည်ဆိုပါက ကျေးရွာလူထုမှ လျှပ်စစ်မီးရရှိရန် အထူးမျှော်လင့်နေကြပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၈၆)လုံး၊

ရေဒီယို(၃) လုံး၊တီဗွီ(၅၄)လုံးနှင့် ဂြိုလ်တုစလောင်း(၁၅)ခုတို့မှ ရရှိပါသည်။ ဖုန်းလိုင်းရရှိသည့်အတွက် သတင်း နှင့် ဆက်သွယ်ရေးတို့အတွက် အဆင်ပြေပါသော်လည်း အင်တာနက်အသုံးပြုရန် နှေးကွေးပါသည်။

(ဃ) ပညာရေး

ကျေးရွာတွင် မူလတန်းအဆင့် စာသင်ကျောင်းသာရှိပါသည်။ အလယ်တန်း၊ အထက်တန်း ပညာကို ဟဲဟိုးမြို့တွင်သွားရောက်သင်ကြားကြသည်။ ယခင်အချိန်က ကျေးရွာသူ/သား အများစုမှာ ပညာရေးအပေါ်တွင် စိတ်ဝင်စားမှု နည်းပါးခြင်းကြောင့် အများစုမှာ မူလတန်းအဆင့်ပညာရေး သာရှိကြသည်။ အထက်တန်းနှင့် တက္ကသိုလ်ပညာတတ်မြောက်သူ နည်းပါးပါသည်။ ကျေးရွာတွင် မိဘဆရာအသင်းအား ဖွဲ့စည်းထားသော်လည်း လုပ်ငန်းဆောင်ရွက်မှုမှာ အသင့်အတင့်သာ ရှိ ပါသည်။ အချို့သော ငွေကြေးမတတ်နိုင်သည့်မိသားစုများမှာ သား/သမီးများကို ပညာပြီးဆုံးသည် အထိ ကျောင်းမထားနိုင်သောကြောင့် ပညာရေးတပိုင်းတစဖြင့် ကျောင်းထွက်လိုက်ရသည့် ကလေး ငယ်များလည်းရှိနေပါသည်။ ကျေးရွာစာသင်ကျောင်းတွင် အဆောက်အဦမှာ နှစ်များကြာရှည်ပြီဖြစ် ပြီး အမိုး၊နံရံများဆွေးမြေ့နေခြင်း၊ ကျောင်းနေသူဦးရေများပြားလာခြင်းကြောင့် စာသင်ကျောင်း ဆောင်တိုးချဲ့ဆောက်လုပ်ရန် လိုအပ်နေပါသည်။ကျောင်းသုံး ပရိဘောဂများ၊ စာရေးခုံများ လုံ လောက်မှုမရှိပါ။ ကျောင်းအားကစားကွင်းဖော်ဆောင်ရန်လည်း လိုအပ်လျက်ရှိပါသည်။

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

တောင်ပတ်ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုကို ကျေးရွာနှင့်(၅)မိုင်ခန့်ကွာဝေးသည့် ဟဲဟိုးမြို့တွင်ရရှိနိုင်ပါသည်။ တိုက်နယ်ဆေးရုံ၊ ဆေးပေးခန်းတို့တွင် ကျန်းမာရေးအထောက် အပံ့ များ အပြည့်အဝရှိပါသည်။ ရွာသူ/သားများတွင် ရောဂါအန္တရာယ်ကြီးမားစွာ ကျရောက်မှုမရှိပဲ သာ မန်ရာသီအလိုက် ဖြစ်ပွားတတ်သော ဖျားနာခြင်း၊ ဆီးချို၊ သွေတိုးတို့သာ အဖြစ်များပါသည်။ ကျေးလက်ဆရာမမှ ကျေးရွာသို့လာရောက်၍ လိုအပ်သည့်ကာကွယ်ဆေးများ ထိုးနှံပေးပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိသည့်အတွက် ကျောက်ထပ်တိုက်နယ်ဆေးခန်းသို့သွား ရောက်ရပါသည်။ကျန်းမာရေးနှင့်ပတ်သက်၍ ရောဂါပြင်းထန်သည့် လူနာများသည် တောင်ကြီး ဆေးရုံသို့ သွားရောက်ကုသမှုခံယူကြရပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် ယခင်အချိန်က လွန်စွာခက်ခဲပါသည်။ အချို့ပြေလည် သော အိမ်ထောင်စုများသာ မိမိတို့အိမ်ခြံဝန်းအတွင်း၌ မိုးရေလှောင်ကန်ကြီးများဖြင့် မိုးရေကို သိုလှောင် သုံးစွဲကြသော်လည်း မိုးရာသီကာလတွင်သာ လုံလောက်မှုရှိပြီး ဆောင်းရာသီ၊ နွေရာသီ ကာလများတွင် သောက်သုံးရန်အတွက်ပင် ရေခက်ခဲမှုရှိခဲ့ပါသည်။ ကျေးရွာတွင် သောက်သုံးရေ ဖူလုံစေရေးအတွက် ကလောမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်တွင် ဂါလံ(၅၀၀၀)ဆံ့အုတ်မိုးရေလှောင်ကန်ကိုတည်ဆောက်ပေးခဲ့ပါသည်။ သုံးရေ

အတွက် မြေသားမိုးရေလှောင်ကန်ကို အသုံးပြုကြပါသည်။ မိုးဆောင်းကာလများတွင် ရေများပေါ လျှံသော်လည်း နွေရာသီကာလတွင် လုံလောက်ရုံသာရှိပါသည်။

တောင်ပတ်ကျေးရွာရှိအိမ်ထောင်စုအားလုံးမှ ယင်လုံအိမ်သာကိုသုံးစွဲကြပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကြီးမားစွာကျရောက်မှုမရှိ ပါ။ ဘေးအန္တရာယ်ကျရောက်လာပါလည်း ကာကွယ်ရန်နည်လမ်းများလည်း ထားရှိမှုမရှိပါ။ အမှိုက် စွန့်ပစ် ရာတွင်လည်း ကျေးရွာတွင်းအမှိုက်ကင်းစင်ရေးအတွက် ရွာတွင်းလမ်းအများသုံး နေရာများ တွင် အမှိုက်ပုံးများထားရှိပါသည်။ အမှိုက်များစနစ်တကျစွန့်ပစ်နိုင်ရေးအတွက်လည်း ကြော်ငြာဆိုင်းဘုတ်များ ထားရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် ပညာ ပေးရန် လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများအနေဖြင့် ကောင်းကျိုး၊ ဆိုးကျိုး များကို ခွဲခြားလာနိုင်ပြီး သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင် လာမည်ဖြစ်ပါသည်။

၉။ ကျား-မရေားရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသမီးဦးရေနှင့်အမျိုးသားဦးမှာ များစွာသောကွာဟမှု မရှိ ပါ။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးများအနေဖြင့် ပါဝင်နိုင်မှုည်းပါးပါသည်။ ကျေးရွာ အုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးပါဝင်မှု မရှိသလောက်နည်းပါးသော်လည်း ကျေးရွာ သာရေးနာရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင်လှုပ်ရှားကြပါသည်။ အမျိုးသမီးများသည် လုပ်ငန်းခွင်တွင် လည်း လုပ်အားခရရှိမှုမှာ အမျိုးသားများထပ်နည်းပါးပါသည်။ ထိုမတူညီသော လုပ်အားခများသည် အမျိုးသမီးများ၏ စိတ်ဓါတ်အရည်အသွေးကို လျော့ကျစေပါသည်။ အမျိုးသမီးများ၏

စိတ်ဓါတ် အရည်အသွေး ကိုမြင့်တင်ပေးပြီး ကျေးရွာရှိစီးပွားရေး လူမှုရေးအုပ်ချုပ်ရေး စသည်တို့တွင် ပါဝင် လာနိုင်ရန်အတွက် ပညာပေးဟောပြောပွဲများပြုလုပ်၍ အမျိုးသမီးများပါဝင် အောင်စည်းရုံး လုပ်ဆောင်ရန်လိုအပ်နေပါသည်။

၁၀။ တောင်ပတ်ကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကျေးရွာအုပ်စုအမည် – ကျောက်ထပ်		ကျေးရွာအမည် – တောင်ပတ်	မှတ်ချက်
	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	ပညာရေး	အခြေခံ ပညာရေး ဆိုင်ရာ	စာသင်ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ခြင်း(၄၀'–၂၀')	
၂	အခြေခံအဆောက်အဦ	အခြားသောအခြေခံအဆောက်အဦများ	ကုန်ထုတ်လမ်းကျောက်ချောခင်းခြင်း(၁/၄)မိုင်	

တောင်ပတ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးမျိုးမင်း	ဦးလုံးကျော်	၁၃/ကလန(နိုင်)၁၀၉၆၇၃		ဥက္ကဋ္ဌ	၀၉-၃၆၀၉၁၆၄၃	
၂	ဦးရန်နိုင်ထွန်း	ဦးတင်ဦး			အတွင်းရေးမှူး		
၃	ဦးစိုးလွင်ထွန်း	ဦးအေးမောင်			အဖွဲ့ဝင်		
၄	ဦးစိုးနိုင်	ဦးဖိုးချစ်	၁၃/ကလန(နိုင်)၁၀၉၆၆၁		အဖွဲ့ဝင်	၀၉-၄၅၂၀၉၆၉၂၀	
၅	ဦးမြင့်စိုး	ဦးဘဝင်း			အဖွဲ့ဝင်	၀၉-၄၅၂၀၉၆၈၈၁	
၆	ဦးအောင်ဇော်	ဦးကျော်ဝင်း			အဖွဲ့ဝင်	၀၉-၄၅၉၀၁၀၂၂	
၇	ဒေါ်စန္ဒာမိုး	ဦးကျော်ဦး			ဘဏ္ဍာရေးမှူး	၀၉-၃၂၅၁၃၇၁၉	
၈	ဒေါ်နန္ဒာအေး	ဦးဖိုးထီ			စာရင်းကိုင်		
၉	ဒေါ်မလေး	ဦးထွန်းဝင်း			အဖွဲ့ဝင်	၀၉-၄၂၁၃၁၅၅	
၁၀	ဒေါ်နန်းခင်ထွေး	ဦးလုံးကျော်			သော့ကိုင်-၁	၀၉-၄၅၄၄၀၂၉၆၇	
၁၁	ဒေါ်သီတာအေး	ဦးတင်ထွန်း			သော့ကိုင်-၂		

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(တောင်ပတ်)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
၁	ကျောင်းအဆောက်အဦ မလုံလောက်ခြင်း၊ ကျောင်း ပညာသင်ကြားရာ၌ အခက် အခဲရှိခြင်း	ကျောင်းသားဦးရေများပြား လာခြင်း၊ကျောင်းအဆောက် အဦဆွေးမြေ့နေခြင်း	လုပ်အား မြေနေရာ သဲ၊ကျောက်	ငွေကြေး နည်းပညာ	ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း	စာသင်ကျောင်းဆောင်တိုးချဲ့ ဆောက်လုပ်ခြင်း(၄၀'-၂၀')
၂	ထွက်ကုန်ပစ္စည်းများသယ် ပို့ရန်ခက်ခဲခြင်း၊ဈေးကွက် သို့အချိန်မီမတင်ပို့နိုင်ခြင်း၊ မိသားစုဝင်ငွေထိခိုက်ခြင်း	မြေသာလမ်းဖြစ်ခြင်း၊ လမ်းရေတိုက်စားခြင်း	လမ်းကြောင်း ရှိပြီးဖြစ်ခြင်း		ကျေးလက်ဦးစီးဌာနနှင့် ချိတ် ဆက်ဆောင်ရွက် ခြင်း	ကုန်ထုတ်လမ်းကျောက်ချော ခင်းခြင်း (၂၀၀၀)ပေ

တောင်ပတ်ကျေးရွာ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများလျာထားချက်

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	စာသင်ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ခြင်း(၄၀'-၂၀')	၁	🕐	🕐	🕐		
၂	ကုန်ထုတ်လမ်းကျောက်ချောခင်းခြင်း (၂၀၀၀)ပေ	၂			🕐	🕐	🕐

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၉	၁၅
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၅	၁၄	၂၉
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၄	၂၅	၄၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၂	၂၆	၄၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၈၂	၁၈၄	၃၆၆
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၁	၃	၄
စုစုပေါင်း		၂၄၇	၂၆၁	၅၀၈
စုစုပေါင်း အိမ်ထောင်စု		၁၀၈		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။ကျေးရွာတွင်ကျား၊မလူဦးရေကွာခြားချက်မှာမဦးရေသည်ကျားဦးရေထက်(၁%)လျော့နည်းပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေများသည့် အတွက်ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်များစွာအထောက်အကူပြုပါသည်။တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄)ဦးရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ဝင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀၈	၃၂၅	၀	မြင့်☑လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း		၁၂	၁	မြင့်☐လတ်☐နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၁	မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ဝင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၃	မြင့်□လတ်□နိမ့်☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၂	မြင့်□လတ်□နိမ့်☑
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၂	မြင့်□လတ်□နိမ့်☑
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၂	မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့်□လတ်□နိမ့်☑
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့်□လတ်□နိမ့်☑
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၂	မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့်□လတ်□နိမ့်☑
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ဝင်စု	မိသားစုဝင် လုပ်အား		
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၂	မြင့်□လတ်□နိမ့်☑
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား			၃	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း	**၁၀၈**			☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူအရေအတွက်များပြီး အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူနှင့် နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်သူများလည်းရှိသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၅၀၀	၅၀၀၀	၃၀၀၀	၂၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၅၀၀	၀	၇၀၀၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၇၀၀၀	၀	၆၅၀၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ စိုက်ပျိုးရေးလုပ်ငန်း လုပ်သားများသည် မိုးရာသီတွင် ဝင်ငွေပုံမှန်ရှိပြီး နွေနှင့်ဆောင်း ရာသီတွင် ဝင်ငွေရရှိမှုနည်းပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၆.၀၀	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၃၉၉.၀၀	ကောင်း ☑	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၂.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☑
ဓနိတောမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	၄.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☑
စုစုပေါင်း	၄၄၁	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ယာမြေပိုင်ဆိုင်မှုများပြီးလယ်မြေနည်းပါးပါသည်။စားကျက်မြေရှားပါးသော ကြောင့် ကျွဲ၊နွား စီးပွားဖြစ်မွေးမြူ၍ မရနိုင်ပါ။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနီးတွင် ဓာတ်သတ္တုနှင့် သဘာဝရင်းမြစ်များ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၆	၄၅	၃၂	၁၃

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ဥစ္စာဓနအဆင့်ကို အများအားဖြင့် မြေယာပိုင်ဆိုင်မှုဖြင့် တိုင်တာ၍ ရသည်။မြေယာပိုင်ဆိုင်မှုများသောအိမ်သည်ဝင်ငွေကောင်းပြီးမြေယာပိုင်ဆိုင်မှုနည်းသောသူသည်စိုက်ပျိုးရန်အတွက် မြေငှားရသောကြောင့် ဝင်ငွေနည်းသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၈ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၂	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ___ ၂ _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		လုပ်အားခကြိုယူ = _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၈	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ___၈_____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် များအားဖြင့် ဝမ်းစာအတွက် ချေးယူသူများသာရှိပြီး လုပ်အားခကြိုယူသူ ၁ဦးရှိပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၄
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၃
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၄)အိမ်ရှိပြီး ဆင်းရဲ၍ မိသားစုဦးရေများသည့် ဆင်းရဲသော တစ်ခုလပ်/မုဆိုဖို (၃)အိမ်ရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အငြြိုအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ်☑ နိမ့် ☐ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☑ လတ်☐ နိမ့် ☐ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐
၇	ငလျင်	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑ လတ်☐ နိမ့် ☐ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ်☑ နိမ့် ☐ မရှိ ☐
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ☑

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အငြြိုအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် ။ ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။။။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏ မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။။။

အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက်-နိမ့်

အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု-လတ်

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက်-မြင့်)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - လမ်းပန်းဆက်သွယ်ရေးမှာကိုယ်ထူကိုယ်ထခင်းထားသော်လည်း မိုးရာသီတွင်လမ်းမကောင်းသောကြောင့် ခက်ခဲလှသည်။ထင်းမီးကိုသာအသုံးပြု နေရသောကြောင့် သစ်တောပြုန်းတီးမှုမှာ များလှသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့်☑ လတ်☐ နိမ့်☐ မရှိ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် ☑ လတ်☐ နိမ့်☐ မရှိ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်☑ လတ်☐ နိမ့် ☐ မရှိ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့်☐လတ် ☐ နိမ့် ☐ မရှိ ☑
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် ☐ လတ်☐ နိမ့် ☑မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑

ရင်းမြစ် ။ ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည်မည်သို့သောအခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက်အရ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုမှာများပြားသော

ကြောင့် ထိခိုက်လွယ်သည်။လူငယ်များမှာငယ်ရွယ်သောကြောင့် အတုယူမှုများနိုင်သဖြင့် ပညာပေးဟောပြောပွဲများလိုအပ်သည်။နေ့စားကျပန်းလုပ်ကိုင်သူများမှာလည်း ကျန်းမာရေးထိခိုက်နိုင်သည်။

(၂)ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁)ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဓမ္မစကြာအဖွဲ့	၁☐ ၂☐ ၃☑	၂၀	၂၀	၄၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေးရေး၊လူမှုဖွံ့ဖြိုးရေးနာ/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ကျောင်းကော်မတီ	၁☐ ၂☑ ၃☐	၀	၀	၀	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၃		၁☐ ၂☐ ၃☐				ပညာရေး ☐ ဝွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၄		၁☐ ၂☐ ၃☐				ပညာရေး ☐ ဝွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊လူမှုဖွံ့ဖြိုးရေးနာရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၅		၁☐ ၂☐ ၃☑				ပညာရေး ☐ ဝွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	**အမျိုးအစား**(မှန်ရာတစ်ခုကိုသာရွေးရန်)	**အဖွဲ့ဝင်ဦးရေ**			**လုပ်ငန်းတာဝန်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	**စွမ်းဆောင်နိုင်မှု**(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	**မ**	**ပေါင်း**		
						သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၆		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ။ ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ရွာရှိလေးသူငယ်များယဉ်ကျေးလိမ္မာစေရန် ဓမ္မစကြာ ကဲ့သို့ဘာသာရေးဖွဲ့များရှိသည်။ကျောင်းလိုအပ်ချက်ကို ညှိနှိုင်းဆောင်ရွက်ပေးရန် ကျောင်းကော်မတီအဖွဲ့ရှိသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Pact Myanmar	၁☐ ၂☐ ၃☐ ၄☑ ၅☐ ၆ ☐ ၇ ☐	ပညာရေး☐ငွေကြေး☑ကျန်းမာရေး☐ ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၂		၁☐ ၂☐ ၃☐ ၄☑ ၅☐ ၆ ☐ ၇ ☐	ပညာရေး☐ငွေကြေး☑ကျန်းမာရေး☐ ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၃		၁☐ ၂၁☐ ၂☐၃☐၄☐ ၅☐ ၆ ☐ ၇ ☐	ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၄		၁☐ ၂၁☐ ၂☐၃☐၄☐	ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
		၅□ ၆ □ ၇ □	ဘာသာရေး□စိုက်ပျိုးမွေးမြူရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□ ၂၁□ ၂□၃□၄□ ၅□ ၆ □ ၇ □	ပညာရေး□ငွေကြေး□ကျန်းမာရေး□ ဘာသာရေး□စိုက်ပျိုးမွေးမြူရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆		၁□ ၂၁□ ၂□၃□၄□ ၅□ ၆ □ ၇ □	ပညာရေး□ငွေကြေး□ကျန်းမာရေး□ ဘာသာရေး□စိုက်ပျိုးမွေးမြူရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် □ ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ □ မမ္မစကူးလ်ဖောင်ဒေးရှင်း၊Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ □Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာGIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ -

သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်)တို့ကိုဤယေားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - Pact Myanmar ငွေစုငွေချေးအဖွဲ့ရှိသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွဲ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၃	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၃၄	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၆၂	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၇	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၀၆	☒

ရင်းမြစ် ။ (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ကျေးရွာတွင်ဆင်းရဲသားတောင်သူအရေအတွက်မှာများပြားသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၁၀၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၆	လက်ငင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - သီးနှံများအတွက်လိုအပ်သောရေများကို ရေလွှဲဆည်မှတစ်ဆင့် ပေးသွင်းသော်လည်းစိုက်ပျိုးမြေများအတွက်ရေအားလွတ်ပေးမှုမှာလုံလောက်မှုမရှိပါ။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ် ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၁၀၀	တင်း	၄၀	၆၀	၅၀	နှေနဝါရီ	ဧပြီ	မြင့်☑လတ်☐နိမ့် ☐	မြင့်☐လတ်☐နိမ့်☑
အာလူး	၇၈	ဝိဿာ	၄၀၀၀	၆၀၀၀	၅၀၀၀	နှေနဝါရီ	ဧပြီ	မြင့်☑လတ်☐နိမ့် ☐	မြင့်☐လတ်☐နိမ့်☑
မြေပဲ	၅၅	အိတ်	၃၀	၅၀	၄၀	နှေနဝါရီ	ဧပြီ	မြင့်☐လတ်☑နိမ့် ☐	မြင့်☐လတ်☑နိမ့်☐

သီးနှံ	စုစုပေါင်းစိုက်ကြ	တစ်ကြိမ်အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ် ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - မျိုးကောင်းမျိုးသန့်များမရရှိခြင်းကြောင့် အထွက်နှုန်းလျော့သည့်အပြင် ရောင်းဈေးမှာဝယ်ဈေးထက်နိမ့်သောကြောင့် အခက်အခဲဖြစ်ရသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၁	၀	၀	၀
လက်တွန်းထွန်စက်	၁၀	၀	၀	၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၄	၀	၀	၀
ရေစုပ်စက်	၂၀	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၃	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် -
ထွန်စက်အရေအတွက်နည်းသောကြောင့်စျေးကြီးစွာငှားရမ်းအသုံးပြုရသည်။

